**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (နိုဝင်ဘာလ ၁၀ရက်၊ ၂၀၂၀)**

**နေရာ။ ။ Online Zoom Meeting**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၁၆)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (**၁၆**) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ကိုအိုင်းဇက်ကျော်ထွန်းလှ (Land Core Group) က နှုတ်ခွန်းဆက်စကား ပြောကြား ပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| **Discussion Point** |
| --- |
| • <u>ဘဝအလင်း</u><br><br>• ကျောင်းပြင်ပပညာရေးကို အွန်လိုင်းမှ သင်ကြားခြင်းကို Level 1, 2 အတွက် pilot အနေဖြင့် ရွှေပြည်သာမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မော်လမြိုင်မြို့နယ်တို့တွင် အစိုးရက လုပ်ဆောင်နေကြောင်း ဒေါ်အေးမာသက်က ပြောကြားခဲ့သည်။ ရွှေပြည်သာမြို့နယ်အတွက် အမက-၁၃ ကျောင်းကို ရွေးချယ်ထားကြောင်း၊ သင်ကြားရေးအထောက်အကူပြု MP3 အခွေများကိုလည်း နေပြည်တော်က ပေးပို့ထားကြောင်း၊ သင်တန်းလက်စွဲစာအုပ်အသစ်ကိုလည်း ပေးပို့ထားပြီး ဇွန်လနှင့် ဇူလိုင်လတွင် စတင်သင်ကြားနိုင်ရန် ရည်ရွယ်ထားကြောင်း အသိပေးမျှဝေခဲ့သည်။ စာသင်ဝိုင်းများအတွက် H4SS နှင့်လည်း ချိတ်ဆက်ထားတာလည်း ရှိကြောင်း၊ ကျောင်းသားစာရင်းဇယားများကို ပေးပို့ပေးဖို့ရှိကြောင်း၊ မိမိအနေဖြင့် ဥပဒေကုစားရေးသင်တန်းကိုလည်း STUM အဖွဲ့က လုပ်ဆောင်နေသည့် အေးချမ်းသောအိမ်အစီအစဉ်တွင် တက်ရောက်ခဲ့ကြောင်း တင်ပြခဲ့သည်။ |
| • <u>**MNNCA**</u><br><br>• MNNCA မှာ ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးအတွက် မြန်မာအန်ဂျီအိုကွန်ရက်မှ အဖွဲ့အစည်းများဖြင့် မတ်လတွင် စတင်ဖွဲ့စည်းထားကြောင်း၊ အဖွဲ့ဝင်များစုပေါင်းထည့်ဝင်ကြပြီး လုပ်ငန်းများစတင်လုပ်ဆောင်ခဲ့ကြောင်း၊ Second Wave တွင် Access to Health Fund နှင့် LRC တို့၏ ထောက်ပံ့မှုဖြင့် လှည်းကူးနှင့် မော်ဘီမြို့နယ်ရှိ ရခိုင်နှင့် ချင်းပြည်ဘက်မှ စစ်ဘေးရှောင်များအတွက် စီမံချက်တခုကို လုပ်ဆောင်နေကြောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ Quarantine Center များကို လိုအပ်သည်များထောက်ပံ့ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း၊ Quarantine Center များကို ထောက်ပံ့ကူညီရာတွင် Christian Aid ကလည်း အချို့မြို့နယ်များအတွက် ပံ့ပိုးပေးထားကြောင်း၊ လက်ရှိလုပ်ဆောင်နေသည်များကို ဒေါ်နိုင်နိုင်ရီက ရှင်းလင်းတင်ပြခဲ့သည်။<br><br>• ဒေါ်ယုယသူက ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် မသန်စွမ်းအတွက်လည်း ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း၊ ဥပမာ အိမ်သာများဆောက်လုပ်ရာတွင် မသန်းစွမ်းများ သွားလာရလွယ်ကူစေရန် ဆောက်လုပ်ပေးခြင်းတို့ကို စီစဉ်ပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့်လည်း ကူညီနိုင်သည်များရှိပါက ကူညီပေးမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ |
| • <u>Ray of Lights</u><br><br>• ရွှေပြည်သာမြို့နယ်၊ ရပ်ကွက် ၅ ခုတွင် ကိုဗစ်ကာလ စားသောက်ရေးခက်ခဲနေသော လူဦးရေ ၅၄၀ကျော်ကို အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးကြောင်း၊ Quarantine Center များအတွက် ကျန်းမာရေးသုံးပစ္စည်းများ၊ ဖျာ၊ ခေါင်းအုံး စသည်တို့ကိုလည်း ထောက်ပံ့ပေးနေသော အစီအစဉ်ရှိကြောင်း၊ မိမိတို့အဖွဲ့လုပ်ငန်းများတွင် ကူညီပေးသော ဘဝအလင်းအဖွဲ့ကိုလည်း ကျေးဇူးတင်ပါကြောင်း ဒေါ်နိုင်နိုင်အေးက အသိပေးတင်ပြခဲ့သည်။ |
| • <u>**Myanmar Independent Living Initiative (MILI)**</u><br><br>• အဖွဲ့အနေဖြင့် ကိုဗစ်ကာလတွင် ဖွဲ့စည်းထားသော COVID Emergency Response Team တွင် ပါဝင်လုပ်ဆောင်နေကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် မသန်စွမ်းများ၊ Quarantine ဝင်နေသော မသန်စွမ်းများ၊ စားဝတ်နေရေး ခက်ခဲနေသူမသန်စွမ်းများအတွက် ထောက်ပံ့ပေးနေသော အစီအစဉ်ရှိကြောင်း၊ မသန်စွမ်းသူများအတွက် Voter Education ပေးခြင်း၊ |

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်ယုယသူက တင်ပြခဲ့သည်။

- **BraveHeart**

- အဖွဲ့အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရန် ခက်ခဲနေသူများကို ကူညီလုပ်ဆောင်ပေးခြင်းကို အဓိကလုပ်ဆောင်နေကြောင်း၊ တိုင်းရင်းသားဖွံ့ဖြိုးရေးနှင့် အခြားအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြောင်း၊ ရွေးကောက်ပွဲကာလတွင် ရန်ကုန်တိုင်းရှိ ရခိုင်တိုင်းရင်းသားများ တိုင်းရင်းသားရေးရာဝန်ကြီးနေရာအတွက် မဲပေးခွင့်အပြည့်အဝမရရှိဘဲ ၅၀ရာခိုင်နှုန်းခန့်သာ ပေးကြရကြောင်း၊ တိုင်းရင်းသားအရေးပူးပေါင်းဆောင်ရွက်လိုသည့်အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်ပါကြောင်း ဦးမောင်မောင်သိန်းဖေက ပြောကြားခဲ့သည်။

- **Treasure Land**

- အဖွဲ့အနေဖြင့် စစ်တွေတွင်လည်း ရုံးခွဲဖွင့်ထားကြောင်း၊ MAUK နှင့်ပူးပေါင်းပြီး ကျေးရွာများ၊ စစ်ဘေးရှောင်စခန်းများတွင် သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းကို လုပ်ဆောင်နေကြောင်း၊ မန္တလေးနှင့် မော်လမြိုင်ရှိ သီလရှင်ကျောင်း၊ ဘုန်းကြီးကျောင်းများအတွက် အွန်လိုင်းမှတဆင့် Peace Education ToT ပေးဖို့ စီစဥ်နေကြောင်း နန်းမွန်ဦးက တင်ပြခဲ့သည်။

- **SPECTRUM**

- Consultant တခုခေါ်ထားကြောင်း၊ Environmental နှင့်ပတ်သက်သော Workshop ပြုလုပ်ရာတွင် facilitate ပြုလုပ်ပေးဖို့ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများက ဆရာဆရာမများနှင့်ဖြစ်ကြောင်း၊ အီးမေးဖြင့်လည်း ကိုရန်နိုင်မှတဆင့် ပို့ပေးမည်ဖြစ်ကြောင်း နော်မေခင်သက်က တင်ပြခဲ့သည်။

- **ASDA**

- အသောကအဖွဲ့၏ စီမံချက်လုပ်ငန်းများကို ကိုဗစ်ကာလတွင် ရပ်ထားကြောင်း၊ ပညာရေးအတွက် Citizen Led Assessment (CLA) ပြုလုပ်ရန်ရှိကြောင်း၊ Education လုပ်နေကြသော အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ အဖွဲ့အစည်းအချို့လိပ်စာများကိုရရှိထားပြီး ပညာရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများအားလုံးပါဝင်စေလိုကြောင်း၊ ဆက်သွယ်နိုင်ပါကြောင်း၊ NFE အဖွဲ့အစည်းအဝေးတွင်လည်း အသေးစိတ်ထပ်မံတင်ပြပေးမည်ဖြစ်ကြောင်း ဦးမြင့်ငွေက အသိပေးတင်ပြခဲ့သည်။

- **MIMU**

- MIMU က အပတ်စဉ်ပြုလုပ်နေသော orientation workshop ကို နှစ်ပတ်တကြိမ် ပြောင်းလဲပြုလုပ်မည်ဖြစ်ကြောင်း၊ ကိုရန်နိုင်ပြောထားသည့် အစည်းအဝေးမှတ်တမ်းများကို MIMU website တွင် Update တင်ပေးရန်လည်း technical team ကို ပြောထားပြီးဖြစ်ကြောင်း၊ အီးမေးလ်ဖြင့် ပို့ပေးပါက အဆင်ပြေပြီဖြစ်ကြောင်း ဒေါ်သီရိမေကျော်က ပြောကြားခဲ့သည်။

- **STUM**

- 16 days Campaign အတွက် အဖွဲ့၏ Facebook Page လုပ်မှာဖြစ်ကြောင်း၊ နိုဝင်ဘာ၂၅ရက်နေ့တွင် စတင်မှာဖြစ်ကြောင်း ကိုစိုးကျော်က အသိပေးတင်ပြခဲ့သည်။

- **Land Core Group**

- မြေယာနှင့်ပတ်သက်သော Seminar တခုကို နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အွန်လိုင်းမှတဆင့် ပြုလုပ်မှာဖြစ်ကြောင်း၊ မွန်ပြည်နယ် ရာဘာစိုက်ခင်းတောင်သူများအကြောင်း GRET နှင့်ပူးပေါင်းပြီး သုတေသနလုပ်ထားကြောင်း၊ မြေယာနှင့် ပတ်သက်သော သတင်းအစုံရနိုင်သည့် website ရှိကြောင်း၊ လေ့လာနိုင်ပါကြောင်း ကိုအိုင်းဇက်က ပြောကြားခဲ့သည်။ www.mylaff.org

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အွန်လိုင်းမှတဆင့် ကျင်းပမည်ဖြစ်ပါသည်။

အစည်းအဝေးတက်ရောက်သူများစာရင်း

| No. | Name | Sex | Organization Name | Phone No. | E-mail Address |
|---|---|---|---|---|---|
| 1 | Naing Naing Aye | F | Ray of Lights | 09 40163 8406 | naingnaingaye406@gmail.com |
| 2 | Thiri May Kyaw | F | Myanmar Information Management Unit (MIMU) | 09774077762 | thiri.may.kyaw@undp.org |
| 3 | Soe Kyaw | M | STUM | | kosoekyaw.stum@gmail.com |
| 4 | Maung Maung Thein Pe | M | Brave Heart/Rakhine CSO Network | 09 252 233 066 | mmtp.chairman@gmail.com |
| 5 | Yan Naing Htay | M | CBI | 09 799654124 | info@cbiinmyanmar.org |
| 6 | Naing Naing Aye | F | Ray of Lights | 09 40163 8406 | naingnaingaye406@gmail.com |
| 7 | Yu Ya Thu | F | Myanmar Independent Living Initiative | 09 5182283 | fuyuko2010@gmail.com |
| 8 | Myint Ngwe | M | Ashoka Social Development Association | 09 42502 7592 | myintngwe.oyin@gmail.com |
| 9 | Elizabeth | F | Minlwin Environmental Conservation Group | 09 421057074 | elizabethchaw@gmail.com |
| 10 | Aye Mar Thet | F | Ba Wa Ah Lin Network | 09 250 356 876 | ayemarthet3@gmail.com |
| 11 | Naing Naing Yee | F | Equity | 09 40252 2404 | naingnaingyi@gmail.com |
| 12 | Nang Moon oo | F | Treasure Land | | |
| 13 | Issac Kyaw Htun Hla | M | Land Core Group | 09 45002 9243 | isaackth@lcgmyanmar.org |
| 14 | Emily | F | New Eden Charity Foundation | | emilyzin12@gmail.com |
| 15 | Abraham Bawi Thang | M | New Generation | 09 450005658 | abrahamthang2008@gmail.com |
| 16 | Naw May Khin Thet | F | SPECTRUM | 09 264845007 | may.maykhin7@gmail.com |